**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၂၉)

## “စစ်အာဏာရှင်စနစ်ကို အမြန်ဆုံး အဆုံးသတ်နိုင်သူဟာ စစ်တပ်သာဖြစ်သည်”

ဧပြီလ(၁၇)ရက်နေ့မှာ မြန်မာသက္ကရာဇ် ၁၃၆၉ ကုန်ဆုံးခဲ့ပြီး ၁၃၇၀ နှစ်သစ်ကို ကူးပြောင်းခဲ့ပြီ ဖြစ်ပါတယ်။ ဟိန္ဒူကျမ်းတချို့အရ “သင်္ကြန်” ဆိုတဲ့ ဝေါဟာရဟာ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း၊ ဆိုတဲ့ အဓိပ္ပါယ်မျိုး သက်ရောက်တယ်လို့ ဆိုပေမဲ့ မြန်မာပြည်ရဲ့ အခြေအနေကတော့ တိုးတက်ပြောင်းလဲဖို့အရိပ်အယောင် တစုံတရာမှ မတွေ့ရပါဘူး။ နအဖ ဗိုလ်ချုပ်တစ်စုက သူတို့ချုပ်ကိုင်ထားတဲ့အာဏာကို ပိုင်ရှင်အစစ်အမှန်ဖြစ်တဲ့ ပြည်သူလူထုထံ လွှဲပြောင်းပေးဖို့စိတ်ဆန္ဒ လုံးဝမရှိဘဲ၊ အာဏာကို တရားဝင် ဆက်လက်ချုပ်ကိုင်ထားနိုင်ဖို့ တဖက်သတ် ကြိုးပမ်းအားထုတ်နေကြတာကြောင့် နှစ်သစ်မှာ ဆိုးဝါးအကျည်းတန်လှတဲ့ အနိဋ္ဌာရုံတွေသာ ပေါ်ပေါက်လာစရာ ရှိပါတယ်။

ပြည်ခိုင်ဖြိုး နာယကကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် နအဖ စစ်အာဏာရှင်တစ်စုဟာ မင်္ဂလာရှိတဲ့ နှစ်သစ်ကူး အတာသင်္ကြန်ကာလမှာ မိသားစုတွေနဲ့အတူ ကိုယ့်အိမ်မှာ အေးအေးဆေးဆေး ဦးပုတ်သီလ ဆောက်တည်မနေနိုင်ကြဘဲ လာမဲ့ မေလ(၁၀)ရက်နေ့မှာ ကျင်းပပြုလုပ်မဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ သူတို့ တဖက်သတ်ရေးဆွဲထားတဲ့ စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်ရေး အခြေခံဥပဒေကြမ်းကို ပြည်သူလူထုအများစုက ထောက်ခံမဲ မပေးမှာစိုးရိမ်ပြီး တပြည်လုံးအနှံ့ စည်းရုံးရေးဆင်းနေကြတာ တွေ့ရပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဇနီးသားသမီး မြေးမြစ်တွေ တပုံတပင်နဲ့ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းတွေအတွင်းက ထင်ရှား စည်ကားတဲ့နေရာတွေကိုရွေးပြီး တိုင်းခန်းလှည့်လည် ကြည့်ရှုရင်း သူ့လက်ထက်မှာ မြန်မာပြည်ကြီး ဘယ်လောက်အထိ ဖွံ့ဖြိုးတိုးတက်နေကြောင်း ပြည်သူတွေကို သွယ်ဝိုက်ပြီး ဝါဒဖြန့်စည်းရုံးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

စစ်အာဏာရှင်ကြီးနဲ့ သူ့ရဲ့မိသားစုဟာ ဧပြီ(၁၇)ရက် မြန်မာနှစ်ဆန်း(၁)ရက်နေ့က ကြံ့ဖွံ့အဖွဲ့ဝင်တွေ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တွေနဲ့အတူ ပြင်ဦးလွင်မြို့ရှိ ကန်တော်ကြီး အမျိုးသားဥယျာဉ်မှာ ငါးနဲ့ ငှက်တွေကို သက်စေ့လွှတ်ပြီး ဇီဝိတဒါန ပြုလုပ်ပြခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးမှာ မေတ္တာတရားရှိကြောင်း ပြည်သူလူထုကို ပြသတဲ့အနေနဲ့ ငှက်တွေနဲ့ငါးတွေကို အချုပ်အနှောင်ကနေ လွှတ်ပေးခဲ့ပေမဲ့ အခြားတဖက်မှာတော့ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကာလအတွင်း ဖမ်းဆီးပြီး အတင်းအကျပ် လူဝတ်လဲကာ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခံခဲ့ရတဲ့ ရဟန်းသံဃာတော်တွေ၊ သီလရှင်တွေအပါအဝင် နိုင်ငံရေးအကျဉ်းသား ရာပေါင်းများစွာကို ပြန်လွှတ်မပေးပဲ အကျဉ်းထောင်တွေ၊ အကျဉ်းစခန်းတွေမှာ ဆက်လက်ချုပ်နှောင်ထားဆဲဖြစ်ပါတယ်။ ဒ့ါအပြင် နှစ်သစ်ကူး အတာသင်္ကြန်ကာလအတွင်းမှာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အများအပြားကို သူ့အမိန့်အရ ထပ်မံဖမ်းဆီးနေတာတွေ၊ လူစုလူဝေးနဲ့ ရိုက်နှက်တာတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။

“ဗဟိုဦးဆောင်အဖွဲ့ဝင်” ဆိုသူ စစ်ဗိုလ်ချုပ်တစ်စုကလည်း ခြသေ့်တံဆိပ် တပ်ဆင်ထားတဲ့ တိုက်ပုံအင်္ကျီအဖြူတွေနဲ့ ပုဆိုးအစိမ်းတွေကို ပြောင်းလဲဝတ်ဆင်ကာ အတာသင်္ကြန်ကာလအတွင်း သက်ဆိုင်ရာနယ်မြေအသီးသီးမှာ ငွေထုတ်ပိုက်ပြီး စည်းရုံးရေးဆင်းနေကြတာကို တွေ့ရပါတယ်။ ကြံ့ဖွံ့ နာယကကြီးက ရာဇအိန္ဒြေထိန်းပြီး ပြည်သူလူထုကို မသိမသာ သွယ်ဝိုက်စည်းရုံးခဲ့ပေမဲ့ ဗဟိုဦးဆောင်အဖွဲ့ဝင်ဆိုသူ ကြံ့ဖွံ့ဗိုလ်ချုပ်တစ်စုကတော့ အရှက်အကြောက် လုံးဝမရှိဘဲ သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံမဲပေးကြဖို့ ပြည်သူလူထုကို ငွေနဲ့မျှားပြီး ပြောင်ပြောင်းတင်းတင်း မဲဆွယ်စည်းရုံးတာတွေ ပြုလုပ်ခဲ့ကြပါတယ်။

နအဖ စစ်အာဏာရှင်တစ်စုက သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံမဲပေးကြဖို့ ပြည်သူလူထုကို ပြောင်ပြောင်းတင်းတင်း မဲဆွယ်စည်းရုံးနေကြချိန်မှာ သားစဉ်မြေးဆက် တရားဝင် စစ်ကျွန်ဖြစ်ရတော့မဲ့အရေးကို တွေးပြီး မခံမရပ်နိုင်ဖြစ်နေကြတဲ့ ပြည်သူတွေကတော့ ကန့်ကွက်မဲပေးကြဖို့ အသက်တွေ၊ ဘဝတွေနဲ့ရင်းပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့ စည်းရုံးနေကြရတာကို တွေ့နိုင်ပါတယ်။

အတာသင်္ကြန်ကာလအတွင်း မိမိနေအိမ်ရှေ့မှာ **"NO"** လို့ အမည်ပေးထားတဲ့ ရေပက်ခံမဏ္ဍပ်ငယ်တစ်ခု ဆောက်လုပ်ပြီး ငြိမ်းချမ်းစွာ ရေပက်ကစားခဲ့တဲ့ ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ကိုတင်ဝင်းကို ဧပြီ(၁၅)ရက် (ဒုတိယအကြတ်နေ့)မှာ နအဖအာဏာပိုင်တွေက လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့တဲ့အပြင် ဧပြီ(၁၇)ရက် (နှစ်ဆန်း ၁ရက်) နေ့က အဲဒီ မဏ္ဍပ်မှာ ရေပက်ကစားပြီးပြန်လာတဲ့ ကိုသီဟန် ဆိုသူကိုလည်း စွမ်းအားရှင်အမည်ခံ လူမိုက်လူရမ်းကားတစ်စုက နောက်က ကားနဲ့လိုက်လာပြီး သံဒုတ်တွေနဲ့ ဝိုင်းရိုက်ခဲ့ကြပါတယ်။ အလုံမြို့နယ် အဖွဲ့ချုပ် လူငယ်စည်းရုံးရေးအဖွဲ့ဝင် ကိုမျိုးညွန့်နဲ့ ရခိုင်ပြည်နယ်စစ်တွေမြို့က အဖွဲ့ချုပ်ပါတီဝင် (၂၀)ကျော်ကိုလည်း ဧပြီလ(၁၅)ရက်နေ့မှာ ဖမ်းဆီးခဲ့ပြီး မုံရွာမြို့ကိုရောက်ရှိနေတဲ့ **"ACID"** အမည်ရှိ **Hip-Hop** လူငယ်တေးဂီတအဖွဲ့က အဆိုတော် ကိုရန်ရန်ချမ်း ကိုတော့ နှစ်ဆန်း(၁)ရက်နေ့မှာ နအဖ အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် လက်ရှိမြန်မာ့တပ်မတော်ကို ခေါင်းဆောင်နေကြတဲ့ ထိပ်တန်းဗိုလ်ချုပ်ကြီးတွေဟာ မြန်မာ့တပ်မတော်သမိုင်းမှာ ကျင့်ဝတ်သိက္ခာ မရှိဆုံး၊ အရည်အချင်း ကင်းမဲ့ဆုံး၊ ကိုယ့်ကိုယ်ကိုယုံကြည်မှု အနည်းဆုံး၊ စစ်ခေါင်းဆောင်တွေဖြစ်နေတာကို တွေ့နိုင်ပါတယ်။ နအဖ စစ်အာဏာရှင်တစ်စုဟာ လောဘ၊ ဒေါသ၊ မောဟ စိတ်တွေရဲ့ လွှမ်းမိုးချယ်လှယ်မှုကို ထာဝရ ခံနေကြရတဲ့အပြင် သူတို့ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေအတွက်လည်း လိပ်ပြာမသန့်မှု၊ သိမ်ငယ်မှု၊ နဲ့ မလုံခြုံမှုတွေကို အမြဲခံစားနေကြရပါတယ်။

စစ်အာဏာရှင်တွေက ၁၉၉၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီးရင် တပ်မတော်က စစ်တန်းလျှားကို ပြန်ပါ့မယ်လို့ လူသိရှင်ကြား ကတိကဝတ်တွေပေး၊ ရွေးကောက်ပွဲကော်မရှင်ဥပဒေတွေမှာ အတိအကျ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးကာမှ ကိုယ်ထင်သလို ဖြစ်မလာတဲ့အခါ ၁/၉၀ ကို ထုတ်ပြန်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ရွေးကောက်ပွဲပြုလုပ်ပေးခဲ့တာလို့ စစ်သားတန်မဲ့ အရှက်မရှိ ဗလောင်းဗလဲ ပြောဆိုခဲ့ကြတာ တွေ့နိုင်ပါတယ်။ တခါ ၁/၉၀ အရ အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးပြန်တော့လည်း သူတို့ကတိအတိုင်း ရွေးကောက်ပွဲအနိုင်ရ လူထုကိုယ်စားလှယ်တွေအားလုံး ပါဝင်ခွင့်မပြုဘဲ ကြံ့ဖွံ့အဖွဲ့ဝင်တွေနဲ့ တိုင်းရင်းသားအမည်ခံ လက်ညှိုးထောင်၊ ခေါင်းညိတ်သမားတွေကို စိတ်ကြိုက်ရွေးချယ်ထည့်သွင်းပြီး ကိုယ့်ကုလားဖန်ကိုယ်ထိုး၊ ကိုယ့်ဖဲကိုယ်ချိုးကာ (၁၄)နှစ်နီးပါးကြာအောင် တမင်အချိန်ဆွဲ ရေးသားခဲ့ပြန်ပါတယ်။

တဖက်သတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ထွက်လာပြန်တော့လည်း ကိုယ့်ကိုယ်ကို မယုံမကြည်ဖြစ်ပြီး ဒီမူကြမ်းကို တပ်မတော်သားတွေနဲ့ ပြည်သူတွေကို ရှင်းရှင်းလင်းလင်း ချပြအသိမပေးရဲဘဲ အမျိုးမျိုး ဝေ့လည်ကြောင်ပတ်လုပ်နေခဲ့တာကို တွေ့ရပါတယ်။ ဖေဖော်ဝါရီလ(၁၉)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈)မှာ အဖွဲ့ခေါင်းဆောင် ဦးအောင်တိုး က "ကော်မရှင်အနေဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အမျိုးသားညီလာခံကြီးက တညီတညွတ်တည်းချမှတ်ထားသည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ၂၀၀၇ ဒီဇင်ဘာ(၃)ရက်နေ့ကစပြီး ရေးဆွဲခဲ့ကြောင်း၊ အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ပြည်သူများလေ့လာသိရှိနိုင်ရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာတို့တွင် အသေးစိတ်ထုတ်ပြန်ခဲ့ကြောင်း၊ စာအုပ်ကိုလည်း ပုံနှိပ်ဖြန့်ချိပေးခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ဝင်အားလုံး၏ အကြိမ်ကြိမ် ဆွေးနွေးအကြံပြုချက်ဖြင့် သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကော်မရှင်က အတည်ပြု ကြေညာကြောင်း၊" လူသိရှင်ကြား တရားဝင် ပြောဆိုခဲ့ပါတယ်။

ဒါပေမဲ့ မစ္စတာဂမ်ဘာရီရဲ့ လွန်ခဲ့တဲ့မတ်လ မြန်မာပြည် နောက်ဆုံးခရီးစဉ်အတွင်း အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးစဉ် အဖွဲ့ချုပ်ခေါင်းဆောင်တွေ လေ့လာဖတ်ရှုဖို့ ပေးထားခဲ့တဲ့ နအဖရဲ့ "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း"(၂၀၀၈ခုနှစ်) ဆိုတဲ့စာအုပ်ရဲ့ အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း **(Amendment of Constitution)** ပုဒ်မခွဲ ၄၃၆(က)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို (ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်) ဆိုပြီး ထည့်သွင်းဖော်ပြထားတာကို စီစစ်တွေ့ရှိကြရပါတယ်။ ဒီအချက်ဟာ ဦးအောင်တိုး ပြောသလိုမဟုတ်ဘဲ "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံကချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ" ပါ (ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် မဲဆန္ဒဖြင့်သာ ပြင်ဆင်ရမည်) ဆိုတဲ့အချက်နဲ့ လုံးဝကွဲပြားခြားနားနေတဲ့အတွက် ပြည်တွင်းပြည်ပမှာ ချက်ချင်း ဂယက်ရိုက်သွားခဲ့ပါတယ်။ စစ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်ကို စာပေဗိမာန်ကနေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေရောင်းချပြီးသယောင် ကောလဟလသတင်းတွေ ဖြန့်ခဲ့ပေ

မဲ့ အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူနဲ့ တစည ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူတို့က သူတို့ကိုယ်တိုင် တစ်အုပ်မှ မရရှိသေးကြောင်း ပြည်ပမီဒီယာတချို့ကို ထုတ်ဖော်ပြောဆိုခဲ့တဲ့အတွက် စစ်အစိုးရအပေါ် ပြည်သူလူထုရဲ့ သံသယစိတ်တွေ ပိုမိုကြီးထွားလာခဲ့ပြီး ဥပဒေမူကြမ်းစာအုပ်ကို အမြန်ဆုံးထုတ်ဝေဖြန့်ချိပြီး လူထုရှင်းလင်းပွဲတွေပြုလုပ်ပေးဖို့ တောင်းဆိုမှုတွေ ပြင်းပြင်းထန်ထန် ပေါ်ပေါက်စေခဲ့ပါတယ်။

ဒီလို ဝေဖန်တောင်းဆိုမှုတွေ ပေါ်ပေါက်နေချိန်မှာ နအဖစစ်ဗိုလ်ချုပ်ကြီးတွေက ရေငုံနှုတ်ပိတ်လုပ်နေခဲ့ကြပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မကျင်းပမီ တစ်လအလို ဧပြီလ(၉)ရက်နေ့ရောက်မှ ဒီစာအုပ်တွေကို တစ်အုပ် ကျပ်တစ်ထောင်နှုန်းနဲ့ ပြည်သူလူထုကို စတင်ထုတ်ဝေရောင်းချပေးတာ တွေ့ရခဲ့ပါတယ်။ အဲဒီနေ့မှာပဲ နအဖ အာဏာပိုင်တွေက သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈ခုနှစ်) စာအုပ်မှာ ပုံနှိပ်အမှားအယွင်းတချို့ ပါဝင်နေတဲ့အတွက် ပြင်ဆင်ဖတ်ရှုကြဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးနဲ့ ရန်ကုန်အခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းကို တရားဝင် စာရေးသားပေးပို့ အကြောင်းကြားခဲ့ပါတယ်။ ပုံနှိပ်အမှားအယွင်းကို ပြင်ဆင်ဖတ်ရှုဖို့ အကြောင်းကြားတဲ့စာတွေကို ပြည်သူလူထုထံ ဖြန့်ဝေအသိပေးခြင်းမရှိဘဲ အဖွဲ့ချုပ်နဲ့ နိုင်ငံခြားသတင်းထောက်များအသင်းကိုသာ လိပ်မူပြီး ဧပြီလ(၁)ရက်နေ့ **Back-date** နဲ့ ပေးပို့ခဲ့တဲ့အပြင် တိုင်းပြည်တစ်ခုအတွက် အသက်တမျှအရေးကြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲဆန္ဒပေးရမဲ့ ပြည်သူတွေအားလုံးက ကျေကျေလည်လည်နဲ့ မဲပေးထောက်ခံနိုင်ဖို့အတွက် အချိန်ယူပြီး အခမဲ့လေ့လာနိုင်အောင် စစ်အစိုးရကိုယ်တိုင် စီစဉ်ဆောင်ရွက်ပေးရမဲ့ တာဝန်ရှိပါလျှက် ဒီစာအုပ်တွေကို အချိန်ကပ်ပြီးမှ တအုပ် ကျပ်တစ်ထောင်နှုန်းနဲ့ ရောင်းချတယ်ဆိုတာကလည်း စစ်အာဏာရှင်တွေရဲ့ မရိုးသားမှု၊ စိုးရိမ်ကြောက်လန့်မှုနဲ့ သူရဲဘောကြောင်မှုတွေကို အထင်အရှားဖော်ပြနေတာ ဖြစ်ပါတယ်။

စစ်အာဏာရှင်ဟောင်းကြီး ဦးနေဝင်းလက်ထက်မှာ ရေးဆွဲခဲ့တဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း တုန်းကတောင် ပြည်သူတွေနဲ့ တပ်မတော်သားတွေအကြားမှာ နှစ်နဲ့ချီပြီး (၃)ကြိမ်(၃)ခါတိတိ ရှင်းလင်းချပြပြီးမှ နောက်ဆုံးမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပေးပြီး အတည်ပြုရဲတဲ့သတ္တိမျိုး ရှိခဲ့တာတွေ့ရပေမဲ့ စစ်အာဏာရှင်လက်သစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ သူ့ရဲ့အပေါင်းပါတသိုက်ကတော့ ဦးနေဝင်းလောက် သတ္တိမရှိတာကို တွေ့ရပါတယ်။

ဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အမျိုးသားညီလာခံကြီးက တညီတညွတ်တည်းချမှတ်ထားတဲ့ အခြေခံရမဲ့မူတွေ၊ အသေးစိတ်အခြေခံရမဲ့မူတွေနဲ့အညီ ရေးဆွဲထားပြီး ဦးအောင်တိုးကိုယ်တိုင် ခေါင်းဆောင်တဲ့ ကော်မရှင်အဖွဲ့ဝင် (၅၄)ဦးပါ အဖွဲ့က အကြိမ်ကြိမ်ဖတ်ရှုပြီးမှ အတည်ပြုထားတာဖြစ်လို့ ဥပဒေမူကြမ်းရဲ့ အရေးကြီးဆုံးပုဒ်မတစ်ခုမှာ အခုလို ပုံနှိပ်မှားယွင်းမှု ဖြစ်ရတယ်ဆိုတဲ့ အကြောင်းပြချက်မျိုးကို ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိပါဘူး။ ဒီပုဒ်မဟာ စစ်အာဏာရှင်စနစ်ကို လုံးဝ ပြန်ပြင်လို့မရအောင် ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက်လည်း ပြည်သူတွေက ပိုပြီး မယုံကြည်၊ လက်မခံနိုင်တာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ရာမှာ ပြည်တွင်းပြည်ပက ယုံကြည်လက်ခံလာအောင် အခြေအနေတွေကို ဖန်တီးမပေးတဲ့အပြင် ကုလသမဂ္ဂနဲ့ အာဆီယံနိုင်ငံတွေအပါအဝင် နိုင်ငံတကာက စောင့်ကြည့်လေ့လာသူတွေနဲ့ သတင်းထောက်တွေကိုလည်း လွတ်လွတ်လပ်လပ် လာရောက်လေ့လာခွင့်မပေးဘဲ ကန့်သတ်ထားတာတွေဟာ နိုင်ငံတော်အာဏာကို ယာယီထိန်းသိမ်းပေးထားတာပါဆိုတဲ့ မြန်မာ့တပ်မတော်အတွက် အင်မတန် အရုပ်ဆိုး အကျည်းတန်စေပါတယ်။ ဒါ့အပြင် စစ်အာဏာရှင်တွေ စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံမဲပေးကြဖို့ စစ်ဗိုလ်ချုပ်တွေနဲ့ သူတို့ရဲ့လက်ပါးစေ အဖွဲ့အစည်းတွေက ပြည်သူတရပ်လုံးကို လွတ်လွတ်လပ်လပ် စည်းရုံးလှုံ့ဆော်ခွင့် ရရှိနေကြပေမဲ့ ဒီဥပဒေမူကြမ်းကို ကန့်ကွက်မဲပေးကြဖို့ စည်းရုံးလှုံ့ဆော်သူတွေကိုတော့ တားမြစ်ပိတ်ပင်တာ၊ ဖမ်းဆီးအရေးယူတာ၊ ချောင်းမြောင်းရိုက်နှက်တာ၊ ခြိမ်းခြောက်အကျပ်ကိုင်တာ၊ စတဲ့ မမျှမတ တဖက်စောင်းနင်း ပြုလုပ်နေတာတွေကြောင့်လည်း တပ်မတော်တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာကို အင်မတန် ထိခိုက်ကျဆင်းစေခဲ့ပါတယ်။

စစ်အာဏာရှင်ဗိုလ်ချုပ်တစ်စုက လာမဲ့ မေလ(၁၀)ရက်နေ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ရတဲ့နည်းနဲ့အနိုင်ယူဖို့အတွက် မဲမသမာမှုတွေပြုလုပ်ဖို့ နည်းလမ်းမျိုးစုံနဲ့ စနစ်တကျ ပြင်ဆင်ထားပြီးဖြစ်တာကြောင့် ဒီဆန္ဒခံယူပွဲက ထွက်ပေါ်လာမဲ့ ရလာဒ်ကို ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပက ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်သလို မျိုးဆက်သစ် မြန်မာပြည်သူတွေကလည်း စစ်ကျွန်အဖြစ်နဲ့ သိုးကလေးတွေလို တသက်လုံး လည်စင်းခံနေကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်သွားအောင်လုပ်နိုင်ခဲ့ရင် ပြည်သူတရပ်လုံးကို တသက်လုံး ကြိုက်သလို ဖိနှိပ်အုပ်ချုပ်လို့ရပြီလို့ ယူဆရင်တော့ အမှားကြီး မှားသွားပါလိမ့်မယ်။ ဒီလို စိတ်ကူးယဉ်ခဲ့ဘူးတဲ့ အင်ဒိုနီးရှားနိုင်ငံက စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး ဆူဟာတို၊ ချီလီနိုင်ငံက စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး ပီနိုရှေး တို့ နောက်ဆုံးမှာ ဘယ်လို ကံကြမ္မာဆိုးတွေနဲ့ ရင်ဆိုင်သွားခဲ့ရသလဲဆိုတာကို နအဖဗိုလ်ချုပ်ကြီးတွေ သေသေချာချာ လေ့လာပြီး သင်ခန်းစာယူသင့်ပါတယ်။

စစ်အာဏာရှင်တွေဟာ သူတို့ရဲ့အာဏာတည်မြဲဖို့အတွက် တပ်မတော်တခုလုံးကို လိမ်ညာမှိုင်းတိုက်ပြီး အသုံးချလေ့ရှိပါတယ်။ အခုလည်း ပြည်သူလူထုရဲ့ရင်သွေးတွေနဲ့ ဖွဲ့စည်းထူထောင်ထားတဲ့ မြန်မာ့တပ်မတော်ကို စစ်အာဏာရှင် ဗိုလ်

ချုပ်တစ်စုက "တပ်မတော်သာအမိ၊ တပ်မတော်သာအဖ" ဆိုတဲ့ လွဲမှားတဲ့အတွေးအခေါ်တွေ ရိုက်သွင်းပြီး သွေးခွဲဖျက်ဆီးခဲ့တဲ့အပြင် ပြည်သူတွေကို တသက်လုံး ခေါင်းမိုးအုပ်ချုပ်သွားနိုင်ဖို့အတွက်လည်း တပ်မတော်ကို ခုတုံးလုပ် အသုံးချဖို့ ကြံစည်နေကြပါတယ်။

စစ်အာဏာရှင်တွေက မြန်မာ့တပ်မတော်တစ်ခုလုံးကို သူတို့ပေးတဲ့အမိန့်အတိုင်း တသွေမတိမ်းနာခံ လုပ်ဆောင်နေအောင် အကြောက်တရား၊ အသိအမှတ်ပြုမှု၊ ချီးမြှင့်မြှောက်စားမှုတွေနဲ့ ထိန်းချုပ်ထားနိုင်ကြသေးပေမဲ့ မြန်မာ့တပ်မတော်အတွင်းမှာ လက်ရှိအခြေအနေတွေအပေါ် မကျေမနပ်ဖြစ်နေကြတဲ့ တပ်မှူးတပ်သားတွေ အများအပြားရှိနေကြတယ်ဆိုတာ သေချာပါတယ်။ ဒီလိုအရည်မချင်းမရှိတဲ့ ဗိုလ်ချုပ်တွေ၊ ဝါးလုံးခေါင်းထဲမှာ လသာသလို ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်ပြီး အထင်ကြီး ဘဝင်မြင့်နေတဲ့ဗိုလ်ချုပ်တွေ ဆက်လက်အုပ်ချုပ်နေသရွေ့ တိုင်းပြည်ရော၊ တပ်မတော်ပါ ဘယ်တော့မှ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီတိုးတက်မှာမဟုတ်တဲ့အပြင် ပြည်ထောင်စုပြိုကွဲမဲ့အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမဲ့အန္တရာယ်၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမဲ့အန္တရာယ်တွေနဲ့ပါ ရင်ဆိုင်ရနိုင်တယ်လို့ နားလည်သဘောပေါက်နေကြတဲ့ တပ်မှူးတပ်သားတွေလည်း မြန်မာ့တပ်တော်အတွင်းမှာ အများအပြားရှိနေပါတယ်။

ဒီအချက်ကို ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးကာလအတွင်း ကက/ကြည်းရဲ့ ညွှန်ကြားချက်တွေအပေါ် စစ်တိုင်းတစ်ခုနဲ့တစ်ခု လိုက်နာလုပ်ဆောင်ပုံ မတူညီတဲ့အချက်တွေကို ကြည့်ရင်ဖြစ်စေ၊ ၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ တပ်မတော်အတွင်းမှ ကက/လှမ်း တစ်ဖွဲ့လုံးကို ကိုယ့်အသား ကိုယ်လှီးထုတ်ရသလို၊ ကိုယ့်မျက်လုံး ကိုယ်ဖေါက်ထုတ်ရသလို၊ ရက်ရက်စက်စက် အရေးယူဖယ်ရှားပစ်ခဲ့ရတဲ့ သာဓကတွေကိုကြည့်ရင်ဖြစ်စေ၊ သိသာနိုင်ပါတယ်။ (စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်း လက်ထက် ၁၉၇၆ ခုနှစ်မှာ ဗိုလ်ကြီးအုန်းကျော်မြင့် ခေါင်းဆောင်တဲ့ တပ်မှူးငယ်တစ်စုက စစ်အာဏာရှင်တသိုက်ကို အပြတ်ရှင်းပြီး တိုင်းပြည်နဲ့ တပ်မတော်ကို ကယ်တင်နိုင်ဖို့ အသက်စွန့်ကြိုးပမ်းခဲ့တဲ့ သာဓကတွေကိုလည်း တွေ့နိုင်ပါတယ်)။

ဒါပေမဲ့ ဒီလို တိုင်းပြည်နဲ့ပြည်သူလူထုအပေါ် နားလည်စာနာစိတ်ရှိတဲ့ တပ်ဗိုလ်တပ်သားတွေကို စစ်အာဏာရှင်တွေက နေရာပေးလေ့မရှိတဲ့အတွက် သူတို့ဟာ လုပ်ပိုင်ခွင့်ရှိတဲ့ ထိပ်ပိုင်းရာထူးတွေမှာ ရှိမနေကြပါဘူး။ ဒါကြောင့် သူတို့အနေနဲ့ ပြည်သူလူထုဖက်က ရပ်ချင်ပေမဲ့ တော်ယုံတန်ယုံ အခြေအနေမှာ မရပ်ရဲကြပါဘူး။ ဒ့ါအပြင် စစ်အာဏာရှင်တွေက တပ်မတော်သားတွေကို ပြည်သူတွေထက်ပိုပြီး အကြောက်တရား လွှမ်းမိုးနေအောင် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပြထားတာကြောင့်လည်း မိမိတို့ရဲ့ အသက်တွေ၊ ရာထူးစည်းစိမ်တွေကို မသေချာဘဲ စွန့်လွှတ်ရမဲ့အရေးကိုစိုးရိမ်ပြီး တွေဝေနေကြသေးတာဟာ သဘာဝကျတယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဒီတပ်ဗိုလ်တပ်သားတွေက စတင်ပြီး စစ်အာဏာရှင်တွေကို ဆန့်ကျင်ဖို့ မျှော်လင့်ပြီး ထိုင်စောင့်နေလို့ မရပါဘူး။ ဖိလစ်ပိုင်နိုင်ငံမှာလို ပြည်သူလူထုကြီးတစ်ရပ်လုံးကသာ ဒီတပ်မတော်သားတွေကို မိမိတို့နဲ့ ပူးပေါင်းလာအောင် အသက်စွန့်ပြီး ရှေ့ကဦးဆောင် ကြိုးပမ်းပြနိုင်ခဲ့မယ်ဆိုရင် သူတို့ဟာ ပြည်သူ့ရင်ခွင်ထဲကို အလွယ်တကူ ဝင်ရောက်လာမှာ သေချာပါတယ်။ တပ်မတော်ရဲ့ အစိတ်အပိုင်းတစ်ခု ပြည်သူလူထုဘက်ရောက်လာတာနဲ့ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်ရေးယန္တယားတွေ အားလုံး သဲတောင်ကြီးပြိုဆင်းသလို မျက်စိတမှိတ်အတွင်း ပြိုဆင်းသွားမှာ သေချာပါတယ်။

လာမဲ့မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ပြည်သူအများစုက ကန့်ကွက်မဲပေးပါလျှက်နဲ့ စစ်အာဏာရှင်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကျပ် အတည်ပြုခဲ့မယ်ဆိုရင် ပြည်သူတစ်ရပ်လုံး ခံပြင်းဒေါသထွက်ပြီး လူထုအုံကြွမှုတွေ ပေါ်ပေါက်လာနိုင်တဲ့အလားအလာ ရှိပါတယ်။ ဒါပေမဲ့ တပ်မတော်တစ်ခုလုံးက စစ်အာဏာရှင်တွေဘက်မှာရပ်ပြီး သူတို့အမိန့်အတိုင်း လိုက်နာနေသေးသရွေ့ လူထုအုံကြွမှုတွေကို စစ်အာဏာရှင်တွေက အလွယ်တကူချေမှုန်းပြီး အနိုင်ယူသွားဦးမှာ သေချာပါတယ်။ ဒါကြောင့် စစ်အာဏာရှင်စနစ်နဲ့ ပြည်သူလူထုအကြားက တိုက်ပွဲမှာ အဓိကအဆုံးအဖြတ်ပေးမဲ့ တတိယအင်အားစုဟာ မသိဂ္ဂိတို့ နေဝင်းမောင်တို့ ကျော်ရင်လှိုင်တို့လို ပညာတတ် အချောင်သမားအုပ်စုတွေမဟုတ်ပဲ စစ်အာဏာရှင်စနစ်အောက်က တပ်မတော်သားတွေသာလျှင် ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုအနေနဲ့ စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ချင်ရင် စစ်အာဏာရှင်စနစ်ရဲ့ဒဏ်ကို မိမိတို့နည်းတူ ခံစားနေကြရတဲ့ တပ်မတော်သားတွေကို မိမိတို့ဘက်ပါလာအောင် အရင်ဆုံး စည်းရုံးသင့်ကြောင်း၊ စစ်အာဏာရှင်စနစ်ကို အမြန်ဆုံး အဆုံးသတ်ပေးနိုင်သူဟာ စစ်တပ်သာဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Sunday, April 20, 2008***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---